# သက်ကြီးရွယ်အိုများဆိုင်ရာနည်းဥပဒေများ

၂၀၂၂ ခုနှစ်

# မာတိကာ


| | | |
|---|---|---|
| အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| အခန်း(၂) | သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း | ၅ |
| အခန်း(၃) | မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း ဆိုင်ရာ သားသမီးမြေး တို့၏ တာဝန်များ | ၁၃ |
| အခန်း (၄) | ဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အိုကြည့်ရှု စောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခြင်း | ၁၆ |
| အခန်း (၅) | သက်ကြီးရွယ်အိုများအတွက် ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့ သက်သာခွင့်များ | ၂၆ |
| အခန်း (၆) | သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှု စောင့်ရှောက်ခြင်းနှင့် ယေဘုယျတာဝန်များ | ၃၀ |
| အခန်း (၇) | ဝင်ငွေပုံမှန်ရရှိရေး | ၃၂ |
| အခန်း (၈) | လူမှုရေး အသင်းအဖွဲ့များအား အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်း | ၃၅ |
| အခန်း (၉) | ရန်ပုံငွေထူထောင်ခြင်းထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း | ၃၆ |
| အခန်း (၁၀) | အထွေထွေ | ၄၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၂၃ / ၂၀၂၂**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ( ၉) ရက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ ပုဒ်မ ၆၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန် လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ** ဟု ခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် သက်ကြီး ရွယ်အိုများဆိုင်ရာ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေ ရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ဆိုသည်။

(ခ) **မြန်မာနိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူကို ဆိုသည်။

(ဂ) **အရွယ်ရောက်သူ** ဆိုသည်မှာ အရွယ်ရောက်ခြင်း အက်ဥပဒေ အရ အသက် ၁၈ နှစ် ပြည့်ပြီးသူကို ဆိုသည်။

(ဃ) **တာဝန်ရှိအရွယ်ရောက်သူမိသားစုဝင်** ဆိုသည်မှာ သက်ကြီး ရွယ်အို မိဘဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သော စားဝတ်နေရေးနှင့် ကြည့်ရှုစောင့်ရှောက်မှုတို့အတွက် သားသမီးနှင့် မြေးတို့၏ ဝတ္တရားနှင့်အညီ စရိတ်ထောက် ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ် ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် သို့မဟုတ် ပုံမှန်ကြည့်ရှု စောင့်ရှောက်နိုင်သည့် အရွယ် ရောက်သော မိသားစုဝင် တစ်ဦးဦးကို ဆိုသည်။

(င) **မိသားစုဝင်** ဆိုသည်မှာ တိုက်ရိုက်သွေးသားတော်စပ်သည့် မိဘ၊ ဘိုးဘွား အပါအဝင် ၎င်းတို့နှင့် ဆက်စပ်တော်စပ်သူ၊ မွေးစားထားသူ၊ လက်ထပ်ထိမ်းမြားထားသူ ဇနီး၊ ခင်ပွန်းနှင့် ၎င်းတို့မှမွေးဖွားလာသော သားသမီးများ၊ မွေးချင်းညီအစ်ကို မောင်နှမများနှင့် မြေးများကို ဆိုသည်။

(စ) **မြေး** ဆိုသည်မှာ သားရင်း သမီးရင်းက မွေးဖွားသော သားသမီးကိုသော်လည်းကောင်း၊ မွေးစားသည့် သားသမီးက မွေးဖွားသော သားသမီးကိုသော်လည်းကောင်း ဆိုသည်။

(ဆ) **မလျော်မကန်ပြုလုပ်ခြင်း** ဆိုရာတွင် တာဝန်ရှိအရွယ် ရောက်သူ မိသားစုဝင်က သက်ကြီးရွယ်အို မိဘဘိုးဘွား တစ်ဦးဦးကို လူမျိုး၊ ဘာသာ၊ ရုပ်ရွာဓလေ့ထုံးစံအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ ပတ်ဝန်းကျင်အမြင်၌ဖြစ်စေ လက်ခံနိုင်ဖွယ် မရှိသော အပြုအမူကို ပြုလုပ်ခြင်း၊ ပြုမူဆက်ဆံခြင်းနှင့် ပြုစုစောင့်ရှောက်နိုင်ပါလျက် သက်ကြီးရွယ်အို မိဘဘိုးဘွား၏ ဆန္ဒမပါဘဲ ဘိုးဘွားရိပ်သာသို့ဖြစ်စေ၊ အခြား နေရာတစ်ခုခုသို့ဖြစ်စေ ပို့အပ်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း စသည့် ကိစ္စရပ်များ ပါဝင်သည်။

(ဇ) **စရိတ်ထောက်ပံ့ကြေး** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ စရိတ် ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား တာဝန်ရှိ အရွယ်ရောက်သူ မိသားစုဝင် သားသမီးနှင့် မြေးတို့က ပေးရသည့် ထောက်ပံ့သော ငွေကြေးကို ဆိုသည်။

(ဈ) **ကြည့်ရှုစောင့်ရှောက်မှု** ဆိုရာတွင် မိသားစုစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ ပါဝင်သည်။

(ည) **သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန** ဆိုသည်မှာ သက်ကြီးရွယ်အို ဘိုးဘွားများအား နေ့ပိုင်းကြည့်ရှုစောင့်

ရှောက်ရန် ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်မြုံ သို့မဟုတ် ဂေဟာကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူး** ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီးဌာနက ဥပဒေပါ လူမှုဝန်ထမ်း အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန် ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးရှိ လူမှုဝန်ထမ်းဦးစီးမှူးကို ဆိုသည်။

(ဌ) **ခရိုင်လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီး ဌာနက ဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော ခရိုင်လူမှုဝန်ထမ်းရုံးရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လူမှုဝန်ထမ်း အရာရှိတို့ ပါဝင်သည်။

(ဍ) **မြို့နယ်လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ လူမှုဝန်ထမ်းဦးစီး ဌာနက ဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသော မြို့နယ်လူမှုဝန်ထမ်းရုံးရှိ မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးကို ဆိုသည်။

(ဎ) **စေတနာ့လူမှုဝန်ထမ်းအရာရှိ** ဆိုသည်မှာ လူမှုဝန်ထမ်း အရာရှိအဖြစ် လူမှုဝန်ထမ်းဦးစီးဌာနက ဥပဒေပါ လူမှုဝန်ထမ်း အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်

ပေးအပ်ခြင်းခံရသော အခြား ပြည်ထောင်စုဝန်ကြီးဌာနများရှိ ဦးစီးဌာနက နိုင်ငံ့ဝန်ထမ်း သို့မဟုတ် အခြား သင့်လျော်သော နိုင်ငံသားကို ဆိုသည်။

(ဏ) **ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနကို ကြီးကြပ်သည့် ကော်မတီကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီက ထူထောင်သည့် ရန်ပုံငွေကို ဆိုသည်။

(ထ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပါရှိသော ပုံစံကို ဆိုသည်။

## အခန်း ( ၂ )

## သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း

၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေး နိုင်ရန်နှင့် သက်ကြီးရွယ်အိုများ၏ စာရင်းဇယားများ တိကျ မှန်ကန်စေရန် အလို့ငှာ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ

သက်ကြီးရွယ်အိုများ စာရင်းကို အသက် အပိုင်း အခြား အလိုက် စာရင်းကောက်ယူပြီး တင်ပြစေရန် မြို့နယ် လူမှုဝန်ထမ်းအရာရှိ သို့မဟုတ် စေတနာ့ လူမှုဝန်ထမ်းအရာရှိကို တာဝန် ပေးအပ်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ တာဝန်ပေးအပ်ရာတွင် မြို့နယ် လူမှုဝန်ထမ်းအရာရှိ ခန့်အပ်ခြင်း မပြုနိုင်သေးသည့် ဒေသတွင် သက်ဆိုင်ရာ ခရိုင် လူမှုဝန်ထမ်းအရာရှိ သို့မဟုတ် စေတနာ့ လူမှုဝန်ထမ်းအရာရှိကို တာဝန်ပေးအပ်ရမည်။

၄။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၏ စာရင်းကို ကောက်ယူရာတွင် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးတို့နှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ရမည်။

၅။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် -

(က) သက်ဆိုင်ရာ မြို့နယ်ရှိ သက်ကြီးရွယ်အိုများ၏ အသက် အပိုင်းအခြားအလိုက် စာရင်းကို ၎င်းတို့၏ ဆန္ဒနှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်း အခြေခံ၍ ကောက်ယူပြီး ပုံစံ (၁) ဖြင့် ပြုစုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စာရင်းကောက်ယူရာတွင် အိမ်ထောင်စု လူဦးရေစာရင်းတွင် မပါဝင်သေးသော်လည်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း စာရင်းကောက်ယူခြင်း မပြုမီ အနည်းဆုံး ခြောက်လ

နေထိုင်သူဖြစ်ပြီး ဆက်လက်၍လည်း နေထိုင်မည့် သက်ကြီးရွယ်အိုများ၏ စာရင်းကို ကောက်ယူရမည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ စာရင်းကောက်ယူရာတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ အမျိုးသား မှတ်ပုံတင် လက်မှတ်၊ နိုင်ငံသားပြုခွင့် လက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသား လက်မှတ်ရှိသည့် သက်ကြီးရွယ်အိုများ၏ စာရင်းကို ဦးစားပေး ပြုစုရမည်။

(ဃ) သက်ကြီးရွယ်အိုများ၏ စာရင်းကောက်ယူရာတွင် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင် လက်မှတ်၊ နိုင်ငံသားပြုခွင့် လက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသား လက်မှတ် မရှိသည့် သက်ကြီးရွယ်အိုများ၏ စာရင်းနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မိဘဘိုးဘွားများ၊ ညီအစ်ကို မောင်နှမအရင်းများသည် မြန်မာနိုင်ငံသား ဖြစ်ပါက ယင်းသက်ကြီးရွယ်အိုများ၏ စာရင်းကို သီးခြားပြုစုရမည်။

(င) စာရင်းကောက်ယူသည့် သက်ကြီးရွယ်အိုများ စာရင်းကို သက်ဆိုင်ရာ မြို့နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ ပုံစံ (၁) ဖြင့် တင်ပြရမည်။ ထိုသို့ တင်ပြရာတွင် နည်းဥပဒေခွဲ (ဃ) အရ ကောက်ယူပြီး သီးခြားပြုစုသည့် သက်ကြီးရွယ်အိုများ၏ စာရင်းကို ပူးတွဲ၍ တင်ပြရမည်။

(စ) နည်းဥပဒေခွဲ (င) အရ တင်ပြရာတွင် သက်ကြီးရွယ်အို တစ်ဦးချင်း၏ အသက် အထောက်အထား တစ်ခုခု ပူးတွဲ တင်ပြရမည်။ ယင်း အထောက်အထား တစ်ခုခု မရှိပါက

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့်အတူ ရပ်မိရပ်ဖ နှစ်ဦးတို့၏ ထောက်ခံချက် သို့မဟုတ် အဆိုပါ သက်ကြီးရွယ်အို မွေးသည့် နှစ်၊ လ၊ ရက်နှင့် မရေးမနှောင်းမွေးသည့် အခြား သက်ကြီးရွယ်အို တစ်ဦးဦး ရှိပါက ယင်း၏ ထောက်ခံ ချက်ကို ပူးတွဲ တင်ပြရမည်။

၆။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် နည်းဥပဒေ ၅ အရ စာရင်းကောက်ယူထားသည့် သက်ကြီးရွယ်အိုများ စာရင်းကို စိစစ်ပြီး အသက်အတွက် အထောက်အထားမရှိသော သက်ကြီး ရွယ်အိုများနှင့် မြန်မာနိုင်ငံသားအတွက် အထောက်အထား မရှိသော သက်ကြီးရွယ်အိုများနှင့်စပ်လျဉ်း၍ သက်ကြီးရွယ်အိုအုပ်စု သတ်မှတ်ချက် နှင့်စရိတ်ထောက်ပံ့မှု၊ ကြည့်ရှုစောင့်ရှောက်မှု လိုအပ်ချက်တို့ကို အနီးစပ်ဆုံး မှန်ကန်မှုရှိစေရန် သက်ဆိုင်ရာ သက်ကြီးရွယ်အို နေထိုင်ရာ နေရာသို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သို့မဟုတ် ရာအိမ်မှူးနှင့်အတူ ကိုယ်တိုင်ကွင်းဆင်း၍ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ရမည်။

၇။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် သက်ကြီးရွယ်အိုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးနှင့် ညှိနှိုင်းပြီး မြို့နယ်သက်ကြီး ရွယ်အိုများဆိုင်ရာ ကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ကြီးရွယ်အို သက်သေခံ ကတ်ပြား ထုတ်ပေးရေးအတွက် စီစဉ် ဆောင်ရွက်ရမည်။

၈။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် -

(က) နည်းဥပဒေ ၅ နှင့် ၆ တို့အရ သက်ကြီးရွယ်အိုများ၏ စာရင်းကို ကောက်ယူခြင်း၊ စိစစ်ခြင်းတို့ ပြုလုပ်ပြီးနောက် သက်ကြီးရွယ်အိုများ မှတ်ပုံတင်စာရင်း (ပုံစံ-၂) ဖြင့် ပြုစုပြီး သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများကို ခံစားခွင့်ပေးနိုင်ရန် အလို့ငှာ စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှု လိုအပ်သော သက်ကြီးရွယ်အိုများနှင့် အိုမင်းမစွမ်းသူများကို အမျိုးအစား ခွဲခြားဖော်ပြ၍ လူမှုဝန်ထမ်းဦးစီးဌာန၏ သက်ကြီးရွယ်အို သက်သေခံကတ်ပြား (ပုံစံ-၃) ကို အခမဲ့ ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ သက်သေခံကတ်ပြားရရှိသည့် သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူက စရိတ်ထောက်ပံ့မှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ကြည့်ရှုစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ ယင်းတို့ ရရှိသည့် သက်သေခံကတ်ပြားတွင် ပြင်ဆင်ပေးရန် တင်ပြပါက စိစစ်၍ သက်ကြီးရွယ်အိုများ မှတ်ပုံတင်စာရင်း (ပုံစံ-၂) ၌ ပြင်ဆင်၍ သက်သေခံ ကတ်ပြားအသစ်ကို ပြန်လည် ထုတ်ပေးရမည်။

(ဂ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူအားဖြစ်စေ၊ ယင်း၏မိသားစုဝင်အားဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တစ်ဆင့်ဖြစ်စေ ထုတ်ပေးရမည်။

၉။ နည်းဥပဒေ ၃ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် သက်ကြီးရွယ်အိုများ မှတ်ပုံတင်စာရင်း (ပုံစံ-၂)နှင့်အတူ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လူမှုဝန်ထမ်းဦးစီးဌာနသို့ အနည်းဆုံး ၃ လ လျှင်တစ်ကြိမ် တင်ပြရမည်။ ယင်း တင်ပြစာ မိတ္တူကို သက်ဆိုင်သည့် ဒေသဆိုင်ရာ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ ပေးပို့ရမည်။

၁၀။ သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိသော သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူသည် -

(က) ဥပဒေအရ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ပေးရန် တာဝန်ရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံ ဥပဒေပါ မိမိလိုအပ်သည့် သက်ကြီးရွယ်အိုများဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ပြုရန် တောင်းဆိုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ တောင်းဆိုချက်ကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ငြင်းပယ်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းပြုလျှင် ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ဥပဒေအရ အရေးယူပေးရန် ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ဆွေမျိုးမိတ်ဆွေ တစ်ဦးဦးကဖြစ်စေ၊ ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွား ရိပ်သာ တာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ သက်ဆိုင်ရာ ရဲစခန်းသို့ သတင်းပေး တိုင်ကြားနိုင်သည်။

၁၁။ သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိသော သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူသည် -

(က) မကျန်းမာခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ မိမိ ခံစားခွင့်ရှိသည့် အခွင့်အရေးကို

တောင်းဆိုရန် မိမိကိုယ်တိုင် မဆောင်ရွက်နိုင်ပါက မိသားစုဝင်၊ ဆွေမျိုး မိတ်ဆွေ၊ ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာ တာဝန်ခံ ပုဂ္ဂိုလ်ကို ကိုယ်စားလှယ်လွှဲစာနှင့်အတူ သက်ကြီးရွယ်အို သက်သေခံ ကတ်ပြား ပေးအပ်၍ မိမိကိုယ်စား ဆောင်ရွက်စေနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ခြင်းမှအပ မိမိအား ထုတ်ပေးထားသော သက်ကြီးရွယ်အို သက်သေခံ ကတ်ပြားကို အခြားသူ တစ်ဦးဦးအား လွှဲပြောင်းပေးခြင်း မပြုရ။

(ဂ) သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ဆက်လက် ကိုင်ဆောင်လိုခြင်း မရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်း အရာရှိထံသို့ ပြန်လည်အပ်နှံရမည်။

(ဃ) သက်ကြီးရွယ်အို သက်သေခံကတ်ပြား ပျောက်ဆုံးပါက သို့မဟုတ် ပျက်စီးပါက သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်း အရာရှိထံ အကြောင်းကြားရမည်။

၁၂။ လူမှုဝန်ထမ်းဦးစီးဌာနသည် သက်ဆိုင်ရာ ခရိုင် လူမှုဝန်ထမ်း အရာရှိနှင့် မြို့နယ် လူမှုဝန်ထမ်းအရာရှိတို့၏ တင်ပြချက်အရ သက်ကြီး ရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူ တစ်ဦးဦးက နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ခြင်းမှအပ သက်ကြီးရွယ်အို သက်သေခံ ကတ်ပြားကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးကြောင်း စိစစ်တွေ့ရှိပါက ယင်း၏ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို သိမ်းဆည်းပြီး သက်ကြီး ရွယ်အိုများ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၁၃။ သက်ကြီးရွယ်အို သက်သေခံကတ်ပြား ကိုင်ဆောင်သော သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူ ကွယ်လွန်သည့်အခါ မိသားစုဝင် တစ်ဦးဦးသည် ယင်း ကွယ်လွန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကွယ်လွန်သည့် သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူ၏ သက်သေခံ ကတ်ပြားကို သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်း အရာရှိထံ ပြန်လည်အပ်နှံရမည်။

(ခ) ကွယ်လွန်သည့် သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူ ကိုင်ဆောင်သည့် သက်သေခံကတ်ပြား ပျောက်ဆုံးနေသည့်အခါ သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်း အရာရှိထံ အကြောင်းကြားရမည်။

၁၄။ သက်ကြီးရွယ်အို သက်သေခံကတ်ပြား ရရှိသော သက်ကြီးရွယ်အို သို့မဟုတ် အိုမင်းမစွမ်းသူ တစ်ဦးဦးက နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ (က) အရ သက်ကြီးရွယ်အိုများအတွက် အခွင့်အရေး တစ်ရပ်ရပ်ပေးရန် တောင်းဆိုသည့်အခါ တာဝန်ရှိသည့် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ငြင်းဆိုခြင်း သို့မဟုတ် လစ်လျူရှုခြင်းပြုပါက ဥပဒေ ပုဒ်မ ၅၇ အရ အရေးယူခြင်း ခံရမည်။

## အခန်း (၃)
## မိဘအိုးဘွားများအား စရိတ်ထောက်ပံ့ခြင်းနှင့်ကြည့်ရှုစောင့်ရှောက်ခြင်း ဆိုင်ရာသားသမီးမြေးတို့၏ တာဝန်များ

၁၅။ တာဝန်ရှိ အရွယ်ရောက်သူ မိသားစုဝင် သားသမီးနှင့်မြေးတို့သည်-

(က) မိဘအိုးဘွားများအား ၎င်းတို့၏ လိုအပ်သော အစားအသောက်၊ ဆေးဝါးများ၊ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ရမည်။

(ခ) မိဘအိုးဘွားများအား အသက်အရွယ်အလျောက် နေရေးထိုင်ရေးအတွက် လွယ်ကူ အဆင်ပြေစေရန် စီစဉ်ထားရှိရမည်။

(ဂ) မိဘအိုးဘွားများအား မိသားစု ပုံစံမပျက် နွေးထွေးစွာဖြင့် စောင့်ရှောက်မှုပြုနိုင်ရန် မိသားစုဝင် အချင်းချင်း စည်းစည်းလုံးလုံးဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) မိဘအိုးဘွားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် ကျန်းမာရေး စောင့်ရှောက်သူများဖြင့် ပုံမှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှု ပေးရမည်။

(င) မိဘအိုးဘွားများကို သားသမီးဝတ္တရားအရ အခြေခံအားဖြင့်ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်။

(စ) အတူမနေသည့် မိဘအိုးဘွားများထံ သွားရောက်လည်ပတ်တွေ့ဆုံပြီး လိုအပ်သည်များကို ပံ့ပိုးပေးရမည်။ အကယ်၍ ရပ်ဝေးတွင် ရောက်နေပါက မိဘအိုးဘွားများ၏

ကျန်းမာရေး၊ စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများကို ဖုန်းဖြင့်ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ အဆက်အသွယ် ပြုလုပ်ရမည်။

၁၆။ တာဝန်ရှိ အရွယ်ရောက်သူ မိသားစုဝင် သားသမီးနှင့် မြေးတို့သည် အထူးသဖြင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် ကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အို မိဘဘိုးဘွားများကို လစဉ်ဖြစ်စေ၊ တစ်လုံးတည်းဖြစ်စေ စရိတ်ထောက်ပံ့ကြေးပေးရန် အဓိက တာဝန်ရှိသည်။

၁၇။ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွား တစ်ဦးဦးသည် တာဝန်ရှိ အရွယ်ရောက်သူ မိသားစုဝင် သားသမီးများနှင့် မြေးများအပေါ် စရိတ်ထောက်ပံ့ကြေး လျှောက်ထားမှုကို ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးမိတ်ဆွေ သို့မဟုတ် ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာ တာဝန်ခံကို ကိုယ်စားလှယ်လွှဲအပ်၍ဖြစ်စေ လျှောက်ထားနိုင်သည်။

၁၈။ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွား တစ်ဦးဦးကဖြစ်စေ၊ ၎င်းကိုယ်စားဆောင်ရွက်ရန် နည်းဥပဒေ ၁၇ အရ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသည့် ၎င်းတို့၏ ဆွေမျိုးမိတ်ဆွေ သို့မဟုတ် ရပ်မိရပ်ဖ သို့မဟုတ် ဘိုးဘွားရိပ်သာ တာဝန်ခံကဖြစ်စေ တာဝန်ရှိ အရွယ်ရောက်သူ မိသားစုဝင် သားသမီး သို့မဟုတ် မြေးများအပေါ်တွင် လစဉ် သို့မဟုတ် တစ်လုံးတည်း စရိတ် ထောက်ပံ့ကြေးပေးရန် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ စရိတ်ထောက်ပံ့ကြေး လျှောက်ထားမှုတွင် လျှောက်ထားခံရသူသည် မိဘဘိုးဘွားကို စရိတ်ထောက်ပံ့ကြေးပေးရန် ဥပဒေ ပုဒ်မ ၁၈

အရ မိသားစုဝင် အခြားတာဝန်ရှိသူတို့ကို ပူးတွဲ လျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် ယင်းအမှုစွဲဆိုခံရသည့် တရားရုံးတွင် လျှောက်ထားနိုင်သည်။

၂၀။ သက်ဆိုင်ရာ မြို့နယ်တရားရုံးသည် ဥပဒေ ပုဒ်မ ၂၀ (က) အရ အမိန့်ချမှတ်ရာတွင် စရိတ်ထောက်ပံ့ကြေးကို တစ်လုံးတည်းပေးစေရန် ချမှတ်လျှင် အမိန့်ချမှတ်သည့်နေ့မှ တစ်လအတွင်း ပေးစေရန် သော်လည်းကောင်း၊ လစဉ်စရိတ် ထောက်ပံ့ကြေးပေးစေရန် ချမှတ်လျှင် စရိတ်ထောက်ပံ့ကြေး လျှောက်လွှာတင်သည့် နေ့ရက်မှ စတင်၍ တွက်ချက်ပြီး ပေးစေရန်သော်လည်းကောင်း ထည့်သွင်း ချမှတ်ရမည်။

၂၁။ တရားရုံးက အမိန့်ချမှတ်ခြင်း ခံရသူသည် ပြောင်းလဲလာသည့် အခြေအနေအရ စရိတ် ထောက်ပံ့ကြေးပေးရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်း မရှိလျှင်ဖြစ်စေ၊ အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိလျှင်ဖြစ်စေ ချမှတ်ထားသည့် စရိတ်ထောက်ပံ့ကြေးကို လျှော့ပေါ့ ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် ယင်းအမိန့်ကို ချမှတ်ခဲ့သည့် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် လျှောက်ထားနိုင်သည်။

၂၂။ နည်းဥပဒေ ၂၁ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်တရားရုံးသည် လိုအပ်သော သက်သေနှင့် အထောက်အထားများကို စစ်ဆေးပြီး သင့်လျော်သည့် အမိန့် တစ်ရပ်ရပ်ကို ပြင်ဆင် ချမှတ်နိုင်သည်။

၂၃။ နည်းဥပဒေ ၂၂ အရ တရားရုံးက စရိတ်ထောက်ပံ့ကြေးကို လျှော့ပေါ့ ခွင့်ပြုကြောင်း သို့မဟုတ် ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်

ချမှတ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘ ဘိုးဘွားအား ထိုက်သင့်သော အထောက်အပံ့ အကူအညီ ပေးရမည်။

## အခန်း (၄)
## ဘိုးဘွားရိပ်သာ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း

၂၄။ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော လူမှုရေး အဖွဲ့အစည်းသည် ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနကို တည်ထောင်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၄) ဖြင့် လျှောက်ထားရမည်။

၂၅။ နည်းဥပဒေ ၂၄ အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားသည့် ဘိုးဘွား ရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေး ဌာနသည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြည့်စုံကောင်းမွန်ပြီး ဆရာဝန်၊ သူနာပြုနှင့် ဆေးခန်းတို့ကို စီစဉ်ထားရှိရမည်။

(ခ) ကျန်းမာရေးအတွက် လေကောင်းလေသန့် ကောင်းမွန်စွာ ရရှိနိုင်ရမည်။

(ဂ) သန့်ရှင်းသော ပတ်ဝန်းကျင် အခြေအနေ ရှိရမည်။

(ဃ) အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာ နေထိုင်နိုင်ရန် လိုအပ်သော ပစ္စည်းများ တပ်ဆင်ထားရှိရမည်။

(င) ကိုယ်လက်လှုပ်ရှား အားကစား ပြုလုပ်နိုင်သည့် နေရာနှင့် သင့်တော်သည့် အားကစား ပစ္စည်းများ စီစဉ်ထားရှိရမည်။

(စ) မိမိတို့ ယုံကြည်ရာ ဘာသာအလိုက် ကိုးကွယ်ကျင့်ကြံ အားထုတ်နိုင်ရန် စီစဉ် ဆောင်ရွက်ထားရမည်။

(ဆ) အမျိုးသား/အမျိုးသမီး သီးသန့်အိပ်ဆောင်များ ထားရှိရမည်။

၂၆။ သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာန တာဝန်ခံပုဂ္ဂိုလ်၊ ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဝင်များအနက် အနည်းဆုံး ကော်မတီဝင် တစ်ဦးသည် အောက်ပါ အရည်အချင်း တစ်ရပ်ရပ်ရှိသူ ဖြစ်ရမည် -

(က) လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုသည့် သက်ကြီး ရွယ်အို စောင့်ရှောက်ရေး သင်တန်း တက်ရောက်အောင် မြင်ပြီးသူ၊

(ခ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာန တစ်ခုခုတွင် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်မှု အတွေ့အကြုံရှိသူ။

၂၇။ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော လူမှုရေးအဖွဲ့အစည်းသည် အောက်ဖော်ပြပါ သက်ကြီးရွယ်အို ကြည့်ရှု စောင့်ရှောက်ရေး လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ(၅)ဖြင့် လျှောက်ထားရမည် -

(က) သက်ကြီးရွယ်အိုထံ အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းလုပ်ငန်း သို့မဟုတ် စေတနာ့ဝန်ထမ်း အခြေပြု စောင့်ရှောက်ရေးလုပ်ငန်း၊

(ခ) ဘိုးဘွားနေ့ပိုင်း စောင့်ရှောက်ရေးလုပ်ငန်း၊

(ဂ) အိမ်အခြေပြု စောင့်ရှောက်ရေးလုပ်ငန်း၊

(ဃ) ရပ်ရွာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်း၊

၂၈။ နည်းဥပဒေ ၂၇ အရ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားရာတွင် အောက်ပါ အချက်များကို ဖော်ပြရမည် -

(က) ကြည့်ရှုစောင့်ရှောက်နိုင်မည့် သက်ကြီးရွယ်အိုဦးရေ၊

(ခ) ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်၊

(ဂ) လူမှုရေး စောင့်ရှောက်မှု အစီအစဉ်၊

(ဃ) ကျွေးမွေးမှု အစီအစဉ်၊

(င) စရိတ်ထောက်ပံ့ကြေးပေးမည့် အစီအစဉ် (ရှိလျှင်)၊

(စ) ဝန်ကြီးဌာနက သတ်မှတ်သော အခြားအချက်များနှင့် လုပ်ငန်း အစီအစဉ်။

၂၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးသည် -

(က) နည်းဥပဒေ ၂၄ နှင့် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်များကို စိစစ်ပြီး လိုအပ်ပါက မြို့နယ်လူမှုဝန်ထမ်း အရာရှိ၊ စေတနာ့လူမှုဝန်ထမ်း အရာရှိနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့် အတူ ကွင်းဆင်း စစ်ဆေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုအပ်သော စိစစ်မှုနှင့် စစ်ဆေးမှုများပြုလုပ်၍ တည်ထောင် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၃၀။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) နည်းဥပဒေ ၂၄ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးက တင်ပြသည့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့်သက်တမ်းကို လျှောက်ထားသူ၏ ဆန္ဒအရ တစ်နှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာနသည် စီးပွားရေး အလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်း ဖြစ်ပါက ယင်းတည်ထောင်ဖွင့်လှစ်သူအား ယင်းလက်ခံသည့် ဘိုးဘွား ဦးရေပေါ်

မှုတည်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထား အတိုင်း အခကြေးငွေကို မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေသို့ ပေးသွင်း စေရမည်။

၃၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ဦးစီး မှူးက တင်ပြသည့် သဘောထား မှတ်ချက်တို့ကို စိစစ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းကို လျှောက်ထားသူ၏ ဆန္ဒအရ တစ်နှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပုံစံ (၇) ဖြင့် ထုတ်ပေးရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါ သက်ကြီးရွယ်အို ကြည့်ရှု စောင့်ရှောက်ရေး လုပ်ငန်းသည် စီးပွားရေး အလို့ငှာ လုပ်ငန်း လုပ်ကိုင်ခြင်း ဖြစ်ပါက ယင်းလုပ်ငန်း တည်ထောင်သူအား ယင်းလက်ခံသည့် ဘိုးဘွား ဦးရေပေါ် မှုတည်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့် နှုန်းထား အတိုင်း အခကြေးငွေကို မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေသို့ ပေးသွင်းစေရမည်။

၃၂။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာန တည်ထောင် ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခြင်းတို့သည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ စေတနာ့ဝန်ထမ်း လုပ်ကိုင် ဆောင်ရွက်ခြင်းဖြစ်ပါက နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ (ဂ)နှင့် နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ဂ) တို့တွင် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၃၃။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင် ခွင့်ပြုမိန့် ရရှိသူသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်း တိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ(၈) ဖြင့် လျှောက်ထားရမည်။

၃၄။ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်း တိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၉) ဖြင့် လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးသည် နည်းဥပဒေ ၃၃ နှင့် ၃၄ တို့အရ တည်ထောင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်များကို စိစစ်၍ လိုအပ်ပါက မြို့နယ် လူမှုဝန်ထမ်းအရာရှိ၊ စေတနာ့ လူမှုဝန်ထမ်း အရာရှိတို့နှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက် တင်ပြရမည်။

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) နည်းဥပဒေ ၃၅ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုမိန့်နှင့် လုပ်ကိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုပါက ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနအတွက် တည်ထောင် ခွင့်ပြုမိန့် ပုံစံ (၆) တွင် လည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းအတွက် လုပ်ငန်း လုပ်ကိုင်ခွင့် ပုံစံ (၇) တွင် လည်းကောင်း သက်တမ်း တိုးမြှင့် ပေးရမည်။ ထိုသို့ သက်တမ်း တိုးမြှင့်ပေးရာတွင် စေတနာ့ဝန်ထမ်း မဟုတ်သည့် စီးပွားရေး လုပ်ငန်းဖြစ်ပါက လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) တည်ထောင် ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနများကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးထားသော သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ထားသော

စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၊ ခရိုင်လူမှု ဝန်ထမ်းအရာရှိ သို့မဟုတ် မြို့နယ် လူမှုဝန်ထမ်းအရာရှိကို တာဝန် ပေးအပ် နိုင်သည်။

၃၈။ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် -

(က) လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနများကိုလည်းကောင်း၊ သက်ကြီး ရွယ်အို ကြည့်ရှု စောင့်ရှောက်ရေး လုပ်ငန်းများကို လည်းကောင်း ကိုယ်တိုင်သွားရောက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီ မညီ စစ်ဆေးခြင်းနှင့် ကြီးကြပ် ခြင်းတို့ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဖွဲ့စည်း ဆောင်ရွက်မှုကို ကြည့်ရှု လေ့လာပြီး လိုအပ်သော အချက် အလက်များကို ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်အား အကြံ ပြုရမည်။

(ဂ) သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တာဝန်ခံ ပုဂ္ဂိုလ်၏ ဆောင်ရွက်မှုကို ကြည့်ရှုလေ့လာပြီး လိုအပ်သော

အချက်အလက်များကို ယင်းတာဝန်ခံ ပုဂ္ဂိုလ်အား အကြံပြုရမည်။

၃၉။ ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ် အနည်းဆုံး ငါးဦးဖြင့် ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီကို ဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံသားဖြစ်သူ၊

(ခ) အသက် ၂၅ နှစ်ထက် မငယ်၊ အသက် ၆၅ နှစ်ထက် မကြီးသူ၊

(ဂ) သက်ကြီးရွယ်အိုများအား ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေး စောင့်ရှောက်မှု ပေးလိုစိတ်ရှိသူ၊

(ဃ) အကျင့်စာရိတ္တ ကောင်းမွန်သူ၊

(င) ကျန်းမာသန်စွမ်းသူ၊

(စ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနယ်ပယ်တွင် အတွေ့အကြုံရှိသူ။

၄၀။ ဘိုးဘွားရိပ်သာ တာဝန်ခံ ပုဂ္ဂိုလ်သည် -

(က) နည်းဥပဒေ ၃၉ အရ ရွေးချယ်ဖွဲ့စည်းထားသည့် ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီဝင်များနှင့် ညှိနှိုင်းပြီး ကော်မတီဝင်များထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ် တာဝန်ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ရွေးချယ် တာဝန်ပေးရာတွင် လုပ်ငန်းအရ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်း

ရေးမှု၊ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) လစ်လပ်သွားသော ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဝင် နေရာတွင် နည်းဥပဒေ ၃၉ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကို အစားထိုးရွေးချယ် တာဝန်ပေးနိုင်သည်။

၄၁။ ဘိုးဘွား ရိပ်သာ သို့မဟုတ် သက်ကြီး ရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာန တာဝန်ခံ ပုဂ္ဂိုလ်သည် -

(က) ဘိုးဘွားများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များကို သတ်မှတ်ထားရှိပြီး အများပြည်သူ သိရှိရန် ဆောင်ရွက်ရမည်။

(ခ) အိုမင်းမစွမ်းသူများနှင့် စရိတ်ထောက်ပံ့မှု လိုအပ်သော ဘိုးဘွားများကို ဦးစားပေး၍ လက်ခံရမည်။

(ဂ) ဘိုးဘွားများကို အနီးကပ် ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုရေး စောင့်ရှောက်မှု၊ နေ့စဉ် ကျွေးမွေးစောင့်ရှောက်မှု တို့ပေးရန် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ ဖြစ်စေ တာဝန်ခွဲဝေပေးရမည်။

(ဃ) လိုအပ်သော ဝန်ထမ်းများကို မိမိတို့၏ ရန်ပုံငွေ အခြေအနေ အရ ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်တာဝန်ပေးနိုင်သည်။

(င) ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား အနည်းဆုံး လေးလလျှင် တစ်ကြိမ် လူမှုဝန်ထမ်းဦးစီးဌာနသို့ အစီရင် ခံရမည်။ ယင်း အစီရင်ခံစာ မိတ္တူကို သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၊ ခရိုင် လူမှုဝန်ထမ်းအရာရှိနှင့် မြို့နယ် လူမှုဝန်ထမ်း အရာရှိတို့ထံ ပေးပို့ရမည်။

၄၂။ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနသည် ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်ခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အဆောင်တွင် နေရာချထားခြင်း၊

(ခ) ကျွေးမွေးပြုစုခြင်း၊

(ဂ) ကျန်းမာရေး စောင့်ရှောက်ခြင်း၊

(ဃ) ဘာသာရေးနှင့် ကုသိုလ်ရေး ဆောင်ရွက်ခြင်း၊

(င) အပန်းဖြေ နားနေခြင်း၊

(စ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော အခြား လုပ်ငန်းများ။

## အခန်း (၅)
## သက်ကြီးရွယ်အိုများအတွက် ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များ

၄၃။ သက်ကြီးရွယ်အိုသည် နည်းဥပဒေ ၄၄ ပါ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများ ရယူရာတွင် သက်ကြီးရွယ်အို သက်သေခံကတ်ပြား (ပုံစံ-၃)ပါ ဖော်ပြချက်များအရ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းလျှော့ပေါ့ သက်သာခွင့်ကို သတ်မှတ်ချက်များ နှင့်အညီ ခံစားခွင့်ရှိသည်။

၄၄။ သက်ကြီးရွယ်အိုသည် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများ ရယူရာတွင် သက်ကြီးရွယ်အို သက်သေခံကတ်ပြား (ပုံစံ-၃)ပါ ဖော်ပြချက်များအရ ဝန်ဆောင်မှုနှင့် ပစ္စည်း၏ အမှန်တကယ် တန်ဖိုး သို့မဟုတ် အခကြေးငွေ၏ ရာခိုင်နှုန်း လျှော့ပေါ့ သက်သာခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသော ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို နိုင်ငံတော်အစိုးရဌာန၊ ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ဝယ်ယူခြင်း၊

(ခ) သက်ကြီးရွယ်အိုများအတွက် ဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသည့် ပစ္စည်းများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဝယ်ယူခြင်း၊

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ဖက်စပ် သို့မဟုတ် အကျိုးတူဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် ကုန်းလမ်းနှင့် ရေလမ်း ပို့ဆောင်ရေးအခ၊ ဘတ်စ်ကားခနှင့် ရထားခ၊

(ဃ) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းပိုင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာတို့တွင် တည်းခိုခ၊

(င) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာ ဖျော်ဖြေပွဲ၊ ပြပွဲများ၏ ဝင်ကြေးများ။

၄၅။ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ကိုင်ဆောင်သည့် သက်ကြီးရွယ်အိုသည် -

(က) ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးရုံ၊ ဆေးခန်းနှင့် ဓာတ်ခွဲခန်းတို့၌ ဆေးကုသမှု ခံယူရာတွင် စမ်းသပ်ဆွေးနွေးခ၊ ရောဂါရှာဖွေခနှင့် ဓာတ်ခွဲ စမ်းသပ်ခ၊ အသုံးပြုသည့် ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာများ အတွက် ကုန်ကျစရိတ်တို့နှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း လျှော့ပေါ့ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ရှိသည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတို့က ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း သင်တန်းကြေး ကင်းလွတ်ခွင့် ရှိသည်။

(ဂ) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းက ဖွင့်လှစ်ထားသည့် အများပြည်သူ အပန်းဖြေ နေရာ၊ ကစားကွင်း၊ ပန်းခြံ၊ ပြတိုက်နှင့် စာကြည့်တိုက်တို့တွင် ဝင်ခွင့်ကင်းလွတ်ခွင့် ရှိသည်။

(ဃ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီက သတ်မှတ်သည့် အခြား ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့ သက်သာခွင့်များ ခံစားခွင့် ရှိသည်။

၄၆။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် အောက်ဖော်ပြပါ ပုဂ္ဂလိကလုပ်ငန်းများမှ အခကြေးငွေများနှင့် ဝန်ဆောင်ခ များနှင့် စပ်လျဉ်း၍ အစိုးရ မဟုတ်သော လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက

လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး သက်ကြီးရွယ်အို သက်သေခံ ကတ်ပြား ကိုင်ဆောင်သည့် သက်ကြီးရွယ်အိုများအား ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ သက်သာခွင့်ကို ရာခိုင်နှုန်းအလိုက် ခံစားခွင့် ပြုနိုင်သည် -

(က) ဆေးကုသမှု ခံယူရာတွင် စမ်းသပ်ဆွေးနွေးခ၊ ရောဂါရှာဖွေခ၊ ဓာတ်ခွဲစမ်းသပ်ခ အပါအဝင် အထွေထွေ ဆေးကုသစရိတ်၊

(ခ) သက်ကြီးရွယ်အိုများအတွက် ဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသည့် ပစ္စည်းများ ဝယ်ယူခြင်း၊

(ဂ) ကုန်းလမ်းနှင့် ရေလမ်းပို့ဆောင်ရေးအခ၊ ဘတ်စ်ကားခနှင့် ရထားခ၊

(ဃ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ တို့တွင် တည်းခိုခ၊

(င) ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာ ဖျော်ဖြေပွဲ၊ ပြပွဲများ၏ ဝင်ကြေးများ၊

(စ) အများပြည်သူ အပန်းဖြေနေရာ၊ ကစားကွင်း၊ ပန်းခြံနှင့် ပြတိုက် ဝင်ကြေးများ၊

(ဆ) အခြား သတ်မှတ်သည့် အခကြေးငွေနှင့် ဝန်ဆောင်ခများ။

## အခန်း (၆)
## သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်များ

၄၇။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည် -

(က) ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အိုမင်းမစွမ်းသူများနှင့် စရိတ် ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ဥပဒေ ပုဒ်မ ၂၂ ပါ ယေဘူယျ တာဝန်ဝတ္တရားများကို တတ်စွမ်းနိုင်သမျှ စီစဉ် ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်ရှိသည့်အခါဖြစ်စေ၊ နိုင်ငံတော်က ထောက်ပံ့ရန် လိုအပ်လာသည့်အခါဖြစ်စေ ဒေသဆိုင်ရာ ကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ လိုအပ်သော အကူအညီများ တင်ပြ တောင်းခံနိုင်သည်။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် -

(က) နည်းဥပဒေ ၄၇ (ခ) အရ တင်ပြတောင်းခံသည့်အခါ ဖြစ်စေ၊ ဥပဒေ ပုဒ်မ ၂၃ ပါ သက်ကြီးရွယ်အိုများ၏

အခွင့်အရေး ပြည့်ဝစွာ ရရှိနိုင်ရေးအတွက် နိုင်ငံတော်၏ တာဝန်အရဖြစ်စေ သက်ကြီးရွယ်အိုများအတွက် ကြည့်ရှုစောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု ပြုနိုင်ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) အိုးမဲ့အိမ်မဲ့၊ အခြေအနေမဲ့ ဖြစ်နေသော သက်ကြီးရွယ်အိုများကို စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှုစောင့်ရှောက်မှုတို့အတွက် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေမှ လိုအပ်သော စရိတ်ထောက်ပံ့ကြေးကို ထုတ်ပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ် ဆောင်ရွက်ရမည်။ လိုအပ်ပါက ယင်းသက်ကြီးရွယ်အိုကို ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများက တည်ထောင် ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာသို့ ပို့ဆောင်ရေးအတွက် စီစဉ် ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့်(ခ) တို့ပါ လုပ်ငန်းအစီအစဉ်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ ကော်မတီများ၊ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ကို

တာဝန်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း ပြုရမည်။

၄၉။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ ကော်မတီများ၊ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည် -

(က) နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ (က) နှင့် (ခ)တို့အရ ချမှတ်သော လုပ်ငန်းအစီအစဉ်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၇)
## ဝင်ငွေပုံမှန်ရရှိရေး

၅၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် -

(က) အလုပ်လုပ်ကိုင်နိုင်စွမ်းရှိပြီး မိမိတို့၏ ကာယ၊ ဉာဏနှင့် ကျွမ်းကျင်မှုအလိုက် အလုပ် လုပ်ကိုင်လိုစိတ်ရှိသော သက်ကြီးရွယ်အိုများအား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်း

ဖြစ်စေ သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရေး အတွက် အဓိကအားဖြင့် အလုပ်သမားဝန်ကြီးဌာနနှင့် လည်းကောင်း အခြား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုမ္ပဏီ အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်း ဆောင်ရွက်ရမည်။

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း လုပ်ကိုင်လိုသော သက်ကြီးရွယ်အိုများအား သတင်းအချက်အလက်နှင့် နည်းပညာများ၊ ငွေကြေး အကူအညီများ၊ ချေးငွေများနှင့် ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင် အခွင့်အလမ်းများ ပေးသည့် ရာခိုင်နှုန်းအလိုက် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၅၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ -

(က) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အလို့ငှာ အသက်မွေးဝမ်းကျောင်း ပညာနှင့်

ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်ပြီး အခမဲ့ လေ့ကျင့် သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) သက်ကြီးရွယ်အိုများအတွက် ပုဂ္ဂလိက အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ် သင်ကြားရန် လိုအပ်သော အကူအညီများပေးပြီး အသိအမှတ်ပြု လက်မှတ် ထုတ်ပေးနိုင်သည်။

(ဂ) သက်ကြီးရွယ်အိုများ အလုပ်အကိုင် ရရှိရေးအတွက် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၅၂။ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိပြီး မိမိတို့၏ ကာယ၊ ဉာဏနှင့် ကျွမ်းကျင်မှုအလိုက် အလုပ် လုပ်ကိုင်လိုစိတ်ရှိသော သက်ကြီးရွယ်အိုများသည် -

(က) သက်ဆိုင်ရာ မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်အကိုင်ရှာဖွေသူအဖြစ် မှတ်ပုံတင်ထားရှိရမည်။

(ခ) အလုပ်သမား မှတ်ပုံတင် ကတ်ပြား မိတ္တူကို သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်း အရာရှိထံ ပေးပို့ရမည်။

(ဂ) အလုပ်ရှင်၏ အလုပ်အကိုင် ဖိတ်ခေါ်ချက်အရ အလုပ်အကိုင် တစ်ခုခု ရရှိလျှင်ဖြစ်စေ၊ မရရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းအရာရှိထံ အကြောင်းကြားရမည်။

## အခန်း (၈)

## လူမှုရေးအသင်းအဖွဲ့များအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း

၅၃။ သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီရေးဆိုင်ရာ အသင်းအဖွဲ့ တစ်ခုခုသည် ဥပဒေအရ အသိအမှတ်ပြု လက်မှတ် ရယူလိုလျှင် -

(က) အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့တွင် ဦးစွာ မှတ်ပုံတင်ရမည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင် လက်မှတ် ရရှိပါက ယင်းမှတ်ပုံတင်လက်မှတ် မိတ္တူနှင့် အသင်းအဖွဲ့၏ ဖွဲ့စည်းပုံ စည်းမျဉ်း မိတ္တူတို့ကို ပူးတွဲ၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၁၀) ဖြင့် လျှောက်ထားရမည်။

၅၄။ လူမှုဝန်ထမ်းဦးစီးဌာနသည် -

(က) နည်းဥပဒေ ၅၃ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား စည်းကမ်းချက်များ ဖော်ပြထားသည့် အသိအမှတ်ပြု လက်မှတ် (ပုံစံ-၁၁) ကို ထုတ်ပေးရမည်။

## အခန်း (၉)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၅၅။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် နိုင်ငံတော်အတွင်းရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ဥပဒေပုဒ်မ ၄၇ ပါ ရငွေများဖြင့် ထူထောင်ရမည်။

၅၆။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည် -

(က) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း ဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းများကို ရေးဆွဲ၍ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ အတည်ပြုချက် ရယူပြီး သတ်မှတ်ထားရမည်။

(ခ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ငွေစုဘဏ်တွင် အပ်နှံထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုရမည်။

(ဂ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သို့မဟုတ် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့် လုပ်ငန်းလုပ်ကိုင်သူများ၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) နှစ်စဉ် စာရင်းစစ် အစီရင်ခံစာကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသို့ တင်ပြရမည်။

ထို့ပြင် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များနှင့် အလှူရှင်များ သိရှိနိုင်ရန် ယင်း အစီရင်ခံစာကို ထုတ်ပြန်ကြေညာရမည်။

၅၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (ဃ) အရ တင်ပြသည့် နှစ်စဉ် စာရင်းစစ် အစီရင်ခံစာကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိ သက်ကြီးရွယ်အိုများ ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေကို ဥပဒေ ပုဒ်မ ၅၀ ပါ ရငွေများနှင့် ဥပဒေ ပုဒ်မ ၅၃ အရ ခွဲဝေပေးသည့် ငွေများဖြင့် ထူထောင်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် သုံးစွဲရေး ကော်မတီကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် -

(က) ထူထောင်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေသည် သက်ကြီးရွယ်အိုများ ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး အတွက် လုံလောက်မှု မရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင် ထောက်ပံ့နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ တင်ပြ တောင်းခံသော်လည်း ထည့်ဝင်ငွေသည် လုံလောက်မှု မရှိပါက မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေမှ ထည့်ဝင်ထောက်ပံ့ နိုင်ရန် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ ကျိုးကြောင်း ဖော်ပြ၍ တင်ပြ တောင်းခံ နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေသည် ပိုလျှံပါက မြန်မာနိုင်ငံ သက်ကြီး ရွယ်အိုများဆိုင်ရာ ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းနိုင်သည်။

၆၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် သုံးစွဲရေးကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အို များဆိုင်ရာ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းများကို ရေးဆွဲပြီး တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ အတည်ပြုချက် ရယူ၍ သတ်မှတ်ထား ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေကို သတ်မှတ်ထားသည့် ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ငွေစုဘဏ်တွင် အပ်နှံထားခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများ ဆိုင်ရာရန်ပုံငွေကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများ ဆိုင်ရာ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်စဉ် စာရင်းစစ် အစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ တင်ပြရမည်။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် နည်းဥပဒေ ၆၀ နည်းဥပဒေခွဲ (ဃ) အရ တင်ပြသည့် နှစ်စဉ် စာရင်းစစ် အစီရင်ခံစာကို ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြ ရမည်။ ယင်းအစီရင်ခံစာ မိတ္တူကို ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ ပေးပို့ရမည်။

၆၂။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေများ ရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းများစွာ ကွာခြားမှုမရှိစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

## အခန်း (၁၀)
## အထွေထွေ

၆၃။ ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရ မဟုတ်သော လူမှုရေး အသင်းအဖွဲ့ တစ်ခုခုသည် ဥပဒေ မပြဋ္ဌာန်းမီက ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနကို တည်ထောင်ဖွင့်လှစ် ထားလျှင်သော်လည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်း တစ်ခုခုကို လုပ်ကိုင်လျက်ရှိလျှင်သော်လည်းကောင်း ဤနည်းဥပဒေများကို ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ တည်ထောင် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားရမည်။

၆၄။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်နှင့် ဆပ်ကော်မတီဝင်များ၊ ဒေသဆိုင်ရာ ကော်မတီဝင် များနှင့် လူမှုဝန်ထမ်းအရာရှိများသည် -

(က) ဥပဒေပါ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အဆောက် အအုံတစ်ခုခု အတွင်းသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးခြင်း၊

လိုအပ်သော စာရွက်စာတမ်း အမှတ်အသားများကို ကြည့်ရှု စစ်ဆေးခြင်း၊ တင်ပြစေခြင်းတို့ ပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ တင်ပြ၍ လက်ခံယူသည့် အဆိုပါ စာရွက်စာတမ်း အမှတ်အသားကို လက်ခံရရှိကြောင်း အသိသက်သေနှင့် လက်ခံယူသူတို့က လက်မှတ်ရေးထိုး ထားသော စာရွက်စာတမ်း အထောက်အထားကို တင်ပြသူအား ပြန်လည် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ(က) အရ ဆောင်ရွက်ခြင်း မပြုမီ သက်ဆိုင်သည့် အဆောက်အအုံ ပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင် အသုံးပြုသူကိုလည်းကောင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးကို လည်းကောင်း ကြိုတင် အကြောင်းကြားရမည်။

(ဃ) နည်းဥပဒေခွဲ (က) အရ အဆောက်အအုံအတွင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးသည့်အခါ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံ တစ်ဦးဦး ဖြစ်စေ ပါဝင် စေရမည်။

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

စာအမှတ်၊ ၂ – ၁ / ၁၄ (သက်ကြီးနည်းဥပဒေ)/ ၉၇၅
ရက်စွဲ ၊ ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
လူမှုဝန်ထမ်းဦးစီးဌာန
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။

ပုံစံ (၁)

## သက်ကြီးရွယ်အိုများ အသက်အပိုင်းအခြားအလိုက် စာရင်း

[ နည်းဥပဒေ ၅ (က) ]

_ _ _ _ _ _ _ _ _ _ _ _ _ _ ရပ်ကွက်၊ _ _ _ _ _ _ _ _ _ _ _ကျေးရွာ၊ _ _ _ _ _ _ _ _ _ _ _ _ ကျေးရွာအုပ်စု၊ _ _ _ _ _ _ _ _ _ _ _ မြို့နယ်။

| အမှတ်စဉ် | အမည် | အသက်/ မွေးသက္ကရာဇ် | မိဘအမည် | နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် | အုပ်စု (၁) မှ (၅) | နေရပ်လိပ်စာ | စရိတ်ထောက်ပံ့မှု လို/မလို | ကျန်းမာရေးစောင့်ရှောက်မှု လို/မလို | လူမှုရေးစောင့်ရှောက်မှု လို/မလို | အိုမင်းမစွမ်း/ သက်ကြီးရွယ်အို | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

**သက်ကြီးရွယ်အို အုပ်စုခွဲခြားခြင်း**

(၁) အသက် ၆၀ နှစ်မှ ၇၀ နှစ်အထိ (သက်ကြီးရွယ်အို အုပ်စု-၁)

(၂) အသက် ၇၁ နှစ်မှ ၈၀ နှစ်အထိ (သက်ကြီးရွယ်အို အုပ်စု-၂)

(၃) အသက် ၈၁ နှစ်မှ ၉၀ နှစ်အထိ (သက်ကြီးရွယ်အို အုပ်စု-၃)

(၄) အသက် ၉၁ နှစ်မှ ၁၀၀ နှစ်အထိ (သက်ကြီးရွယ်အို အုပ်စု-၄)

(၅) အသက် ၁၀၁ နှစ်မှ အထက် (သက်ကြီးရွယ်အို အုပ်စု-၅)

ခရိုင် / မြို့နယ် လူမှုဝန်ထမ်းအရာရှိ/ စေတနာ့လူမှုဝန်ထမ်းအရာရှိ

------------------- ခရိုင်၊ ---------------- မြို့နယ်

ရက်စွဲ။ ------------------------------။

မှတ်ချက်။ မလိုသည့်စာသားများဖျက်ရန်။

ပုံစံ (၂)

## သက်ကြီးရွယ်အိုများမှတ်ပုံတင်စာရင်း

[ နည်းဥပဒေ ၈ (က) ]

----------------------- မြို့နယ်၊ ---------------------------- ခရိုင်။

| အမှတ်စဉ် | အမည် | အသက်/ မွေးသက္ကရာဇ် | မိဘအမည် | နိုင်ငံသား/ အမျိုးသားမှတ်ပုံတင်အမှတ် | အုပ်စု (၁) မှ(၅) | နေရပ်လိပ်စာ | စရိတ် ထောက်ပံ့မှု လို/မလို | ကျန်းမာရေး စောင့်ရှောက်မှု လို/မလို | လူမှုရေး စောင့်ရှောက်မှု လို/မလို | အိုမင်းမစွမ်း/ သက်ကြီးရွယ်အို | သက်သေခံ ကတ်ပြား ထုတ်ပေးသည့်ရက်စွဲ | သက်သေခံ ကတ်ပြား အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | |

ခရိုင်/ မြို့နယ် လူမှုဝန်ထမ်းအရာရှိ/ စေတနာ့လူမှုဝန်ထမ်းအရာရှိ

-------------------------ခရိုင်၊ --------------------- မြို့နယ်

ရက်စွဲ။ ------------------------- ။

မှတ်ချက်။ မလိုသည့်စာသားများ ဖျက်ရန်။

ပုံစံ (၃)

အရှေ့ဘက်ခြမ်း

**လူမှုဝန်ထမ်းဦးစီးဌာန**

**သက်ကြီးရွယ်အိုသက်သေခံကတ်ပြား**

**[ နည်းဥပဒေ ၈ (က) ]**

ဓါတ်ပုံ

**သက်သေခံကတ်ပြားအမှတ်**

**အမည်** ------------------------------------

**မိဘအမည်** --------------------------------------

**နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်**

**သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ်** -----------------------------------

**မွေးသက္ကရာဇ်** ---------------------------------- **အသက် ( )နှစ်**

**နေရပ်လိပ်စာ** -------------------------------------------------------

-------------------------------------------------------

တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် လူမှုဝန်ထမ်းဦးစီးမှူး

----------------- ခရိုင်၊ --------------- မြို့နယ်

ရက်စွဲ ------------------------ ။

**မှတ်ချက်** ။ မလိုသည့် စာသားများ ဖျက်ရန်။

ပုံစံ (၃)

ကျောဘက်ခြမ်း

**သက်ကြီးရွယ်အို သက်သေခံကတ်ပြား**

(၁) သက်ကြီးရွယ်အို/အိုမင်းမစွမ်းသူ

(၂) စရိတ်ထောက်ပံ့မှု လို / မလို

(၃) ကျန်းမာရေးစောင့်ရှောက်မှု လို/ မလို

(၄) လူမှုရေးစောင့်ရှောက်မှု လို/ မလို

**လိုက်နာရမည့်အချက်များ**

(က) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းထံ ဤသက်သေခံကတ်ပြားကို ပြသပြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့် ပြုရန် တောင်းဆိုခွင့် ရှိသည်။

(ခ) မိမိတို့အား ထုတ်ပေးထားသော ဤသက်သေခံ ကတ်ပြားကို အခြားသူ တစ်ဦးဦးအား လွှဲပြောင်းပေးခြင်း မပြုရ။

မှတ်ချက်။ မလိုသည့် စာသားများ ဖျက်ရန်။

ပုံစံ (၄)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန**

**တည်ထောင်ခွင့်ပြုမိန့်လျှောက်လွှာ**

**(နည်းဥပဒေ ၂၄)**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

မှ/တစ်ဆင့်

လူမှုဝန်ထမ်းဦးစီးမှူး

---------------------- တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင် ခွင့်ပြုမိန့် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူသည် ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနကို **စီးပွားရေးအလို့ငှာ သို့မဟုတ် စေတနာ့ဝန်ထမ်း** တည်ထောင်ဖွင့်လှစ်၍ ဘိုးဘွားများအား သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြည့်ရှုစောင့်ရှောက် လိုပါသဖြင့် တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးပါရန် အောက်ဖော်ပြပါအချက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် –

(က) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာနအမည် –

-------------------------------------------------------------------------------

(ခ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေးလ် လိပ်စာ

-------------------------------------------------------------------------------

-------------------------------------------------------------------------------

(ဂ) လက်ခံကြည့်ရှုစောင့်ရှောက်နိုင်မည့် သက်ကြီးရွယ်အို ဦးရေ ----------------------

(ဃ) စီးပွားရေးအလို့ငှာဖွင့်လှစ်ခြင်းဖြစ်ပါက တစ်ဦးလျှင် ကောက်ခံသည့်နှုန်း ---------------

-------------------------------------------------------------------------------

၂။ ဘိုးဘွားရိပ်သာ တာဝန်ခံနှင့် စပ်လျဉ်း၍ -

(က) အမည် ----------------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင် အမှတ် ---------

----------------------------------------------------------------------

(ဂ) ဆက်သွယ်ရန် လိပ်စာ ---------------------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်

(ခ) အဆောက်အအုံအမျိုးအစား၊ အဆောက်အအုံ အကျယ်အဝန်း၊ မြေပိုင်ဆိုင်မှု အထောက်အထားနှင့် ယင်းတို့၏ မိတ္တူ သို့မဟုတ် ဓါတ်ပုံ

(ဂ) ကြီးကြပ်မှုကော်မတီစာရင်းနှင့် ဝန်ထမ်းအင်အားစာရင်း

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

(င) ကျွေးမွေးမှုအစီအစဉ်

(စ) တစ်နေ့တာလှုပ်ရှားမှုအစီအစဉ်

၄။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုပါက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည် ၊ -------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ်၊ ------------------------------------------

ဆက်သွယ်ရန်လိပ်စာ၊ ---------------------------------------

**မှတ်ချက်** ။ မလိုသည့် စာသားများ ဖျက်ရန်။

ပုံစံ (၅)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**သက်ကြီးရွယ်အိုများ ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာ**

**(နည်းဥပဒေ ၂၇)**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

မှ/တစ်ဆင့်

လူမှုဝန်ထမ်းဦးစီးမှူး

--------------------- တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ **သက်ကြီးရွယ်အိုများ ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူသည် သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း တစ်ခုခုကို သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်အညီ **စီးပွားရေး သို့မဟုတ် စေတနာ့ဝန်ထမ်း** လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်း လုပ်ကိုင်ခွင့် ထုတ်ပေးပါရန် အောက်ဖော်ပြပါ အချက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည် -

(က) သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း အမျိုးအစား --------------------

---------------------------------------------------------------------

(၁) သက်ကြီးရွယ်အိုထံ အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းလုပ်ငန်း သို့မဟုတ် စေတနာ့ဝန်ထမ်း အခြေပြုစောင့်ရှောက်ရေးလုပ်ငန်း၊

(၂) ဘိုးဘွားနေ့ပိုင်း စောင့်ရှောက်ရေးလုပ်ငန်း၊

(၃) အိမ်အခြေပြု စောင့်ရှောက်ရေးလုပ်ငန်း၊

(၄) ရပ်ရွာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်း။

(ခ) သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းအမည် -------------------------

---------------------------------------------------------------------

(ဂ) တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေးလ် လိပ်စာ

---------------------------------------------------------------------------

---------------------------------------------------------------------------

(ဃ) ကြည့်ရှုစောင့်ရှောက်နိုင်မည့် သက်ကြီးရွယ်အို ဦးရေ-------------------------------

(င) စီးပွားရေးအလို့ငှာဖွင့်လှစ်ခြင်းဖြစ်ပါက ကောက်ယူသည့် အခကြေးငွေ ------------

၂။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) သက်ကြီးရွယ်အို ကြည့်ရှု စောင့်ရှောက်ရေး လုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်

(ခ) အဆောက်အအုံ အမျိုးအစား၊ အဆောက်အအုံ အကျယ်အဝန်း၊ မြေပိုင်ဆိုင်မှု အထောက်အထားနှင့် ယင်းတို့၏ မိတ္တူ သို့မဟုတ် ဓါတ်ပုံ

(ဂ) ဝန်ထမ်းဖွဲ့စည်းပုံ

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

(င) လူမှုရေးစောင့်ရှောက်မှုအစီအစဉ်

(စ) ကျွေးမွေးမှုအစီအစဉ်

(ဆ) စရိတ်ထောက်ပံ့မှုအစီအစဉ် (ရှိလျှင်)

၃။ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုပါက သတ်မှတ် ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည် ၊ ---------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသား မှတ်ပုံတင်အမှတ်၊ ------------------------------------------

ဆက်သွယ်ရန် လိပ်စာ ---------------------------------------

**မှတ်ချက်** ။ မလိုသည့်စာသားများ ဖျက်ရန်။

ပုံစံ (၆)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ခွင့်ပြုမိန့်**

**[ နည်းဥပဒေ ၃၀ (ခ) ]**

**အမှတ်** ----------------------------------။ **ရက်စွဲ ။** -------------------------------

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် အောက်ဖော်ပြပါ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ခွင့် လျှောက်ထားသူအား သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးလိုက်သည် -

(က) တည်ထောင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည် ------------------------------

(ခ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန အမည်နှင့် တည်နေရာ လိပ်စာ ၊ ဖုန်း၊ ဖက်စ်၊ အီးမေးလ် လိပ်စာ ---------------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

---------------------------------------------------------------------------------------------

၂။ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်း -------------------------- ရက်နေ့မှ ---------------------- ရက်နေ့အထိ( နှစ်)

၃။ တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် ပူးတွဲပါ စည်းကမ်းချက်များကို လိုက်နာရမည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

မှတ်ချက်။ မလိုသည့်စာသားများကို ဖျက်ရန်။

## တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ပေးခြင်း

၁။ **ပထမအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကို (     ) နှစ် -------------- ရက်နေ့မှ --------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။-------------------- ။ လူမှုဝန်ထမ်းဦးစီးဌာန

၂။ **ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကို (     ) နှစ် -------------- ရက်နေ့မှ --------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ -------------------- ။ လူမှုဝန်ထမ်းဦးစီးဌာန

၃။ **တတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကို (     ) နှစ် --------------ရက်နေ့မှ --------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ -------------------။ လူမှုဝန်ထမ်းဦးစီးဌာန

၄။ **စတုတ္ထအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကို (     ) နှစ်-------------- ရက်နေ့မှ----------------- -ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။------------------ ။ လူမှုဝန်ထမ်းဦးစီးဌာန

ပူးတွဲ

**တည်ထောင်ခွင့်ပြုမိန့်ရ ဘိုးဘွားရိပ်သာ သို့မဟုတ်**

**သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာနများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ ဘိုးဘွားရိပ်သာ/ သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေး ဌာနများတွင် လက်ခံစောင့်ရှောက်ထားသူများကို ကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခြေခံကောင်းသော လစဉ် သို့မဟုတ် နှစ်စဉ် ဝင်ငွေရ လုပ်ငန်းများ ရှိရမည်။

၂။ လက်ခံစောင့်ရှောက်ထားသူများကို စနစ်တကျ ပြုစုစောင့်ရှောက်နိုင်ရန် ဝန်ထမ်းများ အနေဖြင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများသို့ တက်ရောက်ပြီး ဖြစ်ရမည်။

၃။ အဆောက်အအုံများတွင် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၄။ လက်ခံစောင့်ရှောက်ထားသော သက်ကြီးရွယ်အိုများအား မိမိတို့ ယုံကြည်ရာ ဘာသာအလိုက် ကိုးကွယ်ကျင့်ကြံအားထုတ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၅။ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၆။ လုပ်ငန်းဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ သတ်မှတ် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

ပုံစံ (၇)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**
**သက်ကြီးရွယ်အိုများ ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်**
**[နည်းဥပဒေ ၃၁ (ခ)]**

**အမှတ်** ______________________ ။ **ရက်စွဲ** ။ ________________ ။

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် အောက်ဖော်ပြပါ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသူအား သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ခ) အရ လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးလိုက်သည် -

(က) လုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည် ____________________

( ခ ) လုပ်ငန်းအမည်နှင့် တည်နေရာလိပ်စာ ________________________________________

________________________________________________________________________

________________________________________________________________________

၂။ လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်း __________ ရက်နေ့မှ _________ ရက်နေ့အထိ ( နှစ်) ။

၃။ လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူသည် ပူးတွဲပါ စည်းကမ်းချက်များကို လိုက်နာရမည်။

xxxxx
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

မှတ်ချက်။ မလိုသည့် စာသားများကို ဖျက်ရန်။

## လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်း တိုးမြှင့်ပေးခြင်း

၁။ **ပထမအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းကို (   ) နှစ်--------------- ရက်နေ့မှ---------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ----------------- ။ လူမှုဝန်ထမ်းဦးစီးဌာန

၂။ **ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းကို (   ) နှစ်--------------- ရက်နေ့မှ---------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ -----------------။ လူမှုဝန်ထမ်းဦးစီးဌာန

၃။ **တတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းကို (   ) နှစ်--------------- ရက်နေ့မှ---------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ -----------------။ လူမှုဝန်ထမ်းဦးစီးဌာန

၄။ **စတုတ္ထအကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်း**

လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းကို (   ) နှစ်--------------- ရက်နေ့မှ---------------- ရက်နေ့အထိ သက်တမ်းတိုးမြှင့်ပေးလိုက်သည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ -----------------။ လူမှုဝန်ထမ်းဦးစီးဌာန

ပူးတွဲ

## သက်ကြီးရွယ်အိုများကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ လက်ခံစောင့်ရှောက်ထားသူများကို စနစ်တကျ ပြုစုစောင့်ရှောက်နိုင်ရန် ဝန်ထမ်းများ အနေဖြင့် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးဆိုင်ရာ သင်တန်းများသို့ တက်ရောက်ပြီး ဖြစ်ရမည်။

၂။ အဆောက်အအုံများတွင် သက်ကြီးရွယ်အိုများ အဆင်ပြေလွယ်ကူစွာ လှုပ်ရှားသွားလာ နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ လစဉ်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးပို့ရမည်။

၄။ ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၅။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့်စပ်လျဉ်း၍ သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

ပုံစံ (၈)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ**

**(နည်းဥပဒေ ၃၃ )**

သို့

ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန

မှ/တစ်ဆင့်

လူမှုဝန်ထမ်းဦးစီးမှူး
------------------ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ **ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ခွင့်ပြုမိန့် သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူသည် ဘိုးဘွားရိပ်သာ/ သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနကို လူမှုဝန်ထမ်းဦးစီးဌာန၏ ------------------------- ရက်စွဲပါ တည်ထောင်ခွင့်ပြုမိန့်အမှတ် (----------------------------------) ဖြင့် လုပ်ကိုင်လျက်ရှိပြီး --------------------------- ရက်နေ့တွင် လုပ်ကိုင်ခွင့်သက်တမ်း ကုန်ဆုံးမည် ဖြစ်ပါသည်။ အဆိုပါ သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါသဖြင့် တည်ထောင် ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ပေးပါရန် အောက်ဖော်ပြပါ အချက်များ ဖော်ပြ၍ လျှောက်ထား အပ်ပါသည် -

(က) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန အမည်

--------------------------------------------------------------------------

--------------------------------------------------------------------------

(ခ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာန၏ တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေးလ်လိပ်စာ ------------------------------------------------------------------

------------------------------------------------------------------------

(ဂ) လက်ခံကြည့်ရှုစောင့်ရှောက်နိုင်မည့် သက်ကြီးရွယ်အို ဦးရေ------------------

------------------------------------------------------------------------

(ဃ) စီးပွားရေးအလို့ငှာဖွင့်လှစ်ခြင်းဖြစ်ပါက တစ်ဦးလျှင် ကောက်ခံသည့်နှုန်း ---------

------------------------------------------------------------------------

၂။ ဘိုးဘွားရိပ်သာ တာဝန်ခံနှင့် စပ်လျဉ်း၍ -

(က) အမည် ------------------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင် အမှတ် ----

------------------------------------------------------------------------

(ဂ) ဆက်သွယ်ရန် လိပ်စာ ---------------------------------------------------

------------------------------------------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်

(ခ) အဆောက်အအုံအမျိုးအစား၊ အဆောက်အအုံ အကျယ်အဝန်း၊ မြေပိုင်ဆိုင်မှု အထောက်အထားနှင့် ယင်းတို့၏ မိတ္တူ သို့မဟုတ် ဓါတ်ပုံ

(ဂ) ကြီးကြပ်မှုကော်မတီစာရင်းနှင့် ဝန်ထမ်းအင်အားစာရင်း

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

(င) ကျွေးမွေးမှုအစီအစဉ်

(စ) တစ်နေ့တာလှုပ်ရှားမှုအစီအစဉ်

၄။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန လုပ်ငန်းလုပ်ကိုင်ရန် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းတိုးမြှင့်ခွင့်ပြုပါက သတ်မှတ်ထားသော စည်းကမ်း ချက်များကို လိုက်နာ ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(လျှောက်ထားသူ)

အမည်၊ -----------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသား

မှတ်ပုံတင်အမှတ်၊ -------------------------------------------

ဆက်သွယ်ရန်လိပ်စာ၊ -----------------------------------------

-------------------------------------------------------------

မှတ်ချက် ။ မလိုသည့် စာသားများ ဖျက်ရန်။

ပုံစံ (၉)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**သက်ကြီးရွယ်အိုများ ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်**

**သက်တမ်း တိုးမြှင့်ပေးရန် လျှောက်လွှာ**

**(နည်းဥပဒေ ၃၄)**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

မှ/တစ်ဆင့်

လူမှုဝန်ထမ်း ဦးစီးမှူး

-------------------- တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းရုံး

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ **သက်ကြီးရွယ်အိုများ ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်း**

၁။ လျှောက်ထားသူသည် အောက်ဖော်ပြပါ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေး လုပ်ငန်း တစ်ခုခုကို လူမှုဝန်ထမ်း ဦးစီးဌာန၏ ---------------- ရက်စွဲပါ လုပ်ငန်းလုပ်ကိုင်ခွင့်အမှတ် (---------) ဖြင့် လုပ်ကိုင်လျက်ရှိပြီး ------------------- ရက်နေ့တွင် လုပ်ကိုင်ခွင့်သက်တမ်း ကုန်ဆုံးမည် ဖြစ်ပါသည်။ အဆိုပါ သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက် လုပ်ကိုင်လိုပါသဖြင့် လုပ်ငန်း လုပ်ကိုင်ခွင့် သက်တမ်း တိုးမြှင့်ပေးပါရန် အောက်ဖော်ပြပါ အချက်များ ဖော်ပြ၍ လျှောက်ထား အပ်ပါသည် -

(က) သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း အမျိုးအစား ------------------
---------------------------------------------------------------------------

(၁) သက်ကြီးရွယ်အိုထံ အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းလုပ်ငန်း သို့မဟုတ် စေတနာ့ဝန်ထမ်း အခြေပြုစောင့်ရှောက်ရေးလုပ်ငန်း၊

(၂) ဘိုးဘွားနေ့ပိုင်း စောင့်ရှောက်ရေးလုပ်ငန်း၊

(၃) အိမ်အခြေပြု စောင့်ရှောက်ရေးလုပ်ငန်း၊

(၄) ရပ်ရွာအခြေပြု စောင့်ရှောက်ရေးလုပ်ငန်း။

(ခ) သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းအမည် -----------------------

---------------------------------------------------------------------------

(ဂ) တည်နေရာလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ဖက်(စ်)အမှတ်နှင့် အီးမေးလ် လိပ်စာ -------------------------------------------------------------

---------------------------------------------------------------------------

(ဃ) ကြည့်ရှုစောင့်ရှောက်နိုင်မည့် သက်ကြီးရွယ်အို ဦးရေ---------------------------

(င) စီးပွားရေးအလို့ငှာဖွင့်လှစ်ခြင်းဖြစ်ပါက ကောက်ယူသည့် အခကြေးငွေ -----------

၂။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြအပ်ပါသည် -

(က) သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်

(ခ) အဆောက်အအုံအမျိုးအစား၊ အဆောက်အအုံ အကျယ်အဝန်း၊ မြေပိုင်ဆိုင်မှု အထောက် အထားနှင့် ယင်းတို့၏ မိတ္တူ သို့မဟုတ် ဓါတ်ပုံ

(ဂ) ဝန်ထမ်းဖွဲ့စည်းပုံ

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်

(င) လူမှုရေးစောင့်ရှောက်မှုအစီအစဉ်

(စ) ကျွေးမွေးမှုအစီအစဉ်

(ဆ) စရိတ်ထောက်ပံ့မှုအစီအစဉ် (ရှိလျှင်)

၃။ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းကို သက်တမ်းတိုးမြှင့် ခွင့်ပြုပါက သတ်မှတ် ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်

(လျှောက်ထားသူ)

အမည် ၊ ------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသား

မှတ်ပုံတင်အမှတ်၊ ------------------------------------------

ဆက်သွယ်ရန် လိပ်စာ --------------------------------------

**မှတ်ချက်** ။ မလိုသည့်စာသားများ ဖျက်ရန်။

ပုံစံ (၁၀)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် လျှောက်လွှာ**

**[ နည်းဥပဒေ ၅၃ (ခ) ]**

သို့

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ ။ **သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့အား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း**

၁။ လျှောက်ထားသည့် လူမှုရေးအသင်းအဖွဲ့သည် သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး တည်ဆဲအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာ ဥပဒေအရ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင် လက်မှတ် ရရှိထားပြီး ဖြစ်သဖြင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပါရန် လျှောက်ထား အပ်ပါသည်-

(က) လူမှုရေးအသင်းအဖွဲ့အမည် ------------------------------------------------
------------------------------------------------------------------------

(ခ) လူမှုရေးအသင်းအဖွဲ့၏ တည်နေရာ လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာ ------------------------------------------------
------------------------------------------------------------------------

(ဂ) အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်အမှတ်နှင့် ရက်စွဲ ---------------------------
------------------------------------------------------------------------

၂။ လျှောက်ထားသူနှင့်စပ်လျဉ်းသည့် အချက်အလက်များ -

(က) အမည်------------------------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင် အမှတ် ----
------------------------------------------------------------------------

(ဂ) ရာထူးတာဝန် -----------------------------------------------------

(ဃ) နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာ ------

-----------------------------------------------------------------

-----------------------------------------------------------------

၃။ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပါက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပါမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အမှတ်အသား အထောက်အထားများကို ပူးတွဲ တင်ပြအပ်ပါသည် -

(က) အသင်းအဖွဲ့၏ ဖွဲ့စည်းပုံ စည်းမျဉ်းမိတ္တူ၊

(ခ) အသင်းအဖွဲ့၏ မှတ်ပုံတင်လက်မှတ် မိတ္တူ။

(လျှောက်ထားသူ)

အမည် ၊ -------------------------

**မှတ်ချက် ။** မလိုသည့် စာသားများ ဖျက်ရန်။

ပုံစံ (၁၁)

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**လူမှုဝန်ထမ်းဦးစီးဌာန**

**အသိအမှတ်ပြုလက်မှတ်**

**[ နည်းဥပဒေ ၅၄ (ခ) ]**

**အမှတ်** ---------------------------။ **ရက်စွဲ** ။ -------------------------။

၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် အောက်ဖော်ပြပါ သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီရေးဆိုင်ရာ လူမှုရေးအသင်းအဖွဲ့ကို သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (ခ) အရ ဤအသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးလိုက်သည် -

(က) လူမှုရေး အသင်းအဖွဲ့အမည် ----------------------------------------------

(ခ) အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ် အမှတ်နှင့် ရက်စွဲ ---------------------------

---------------------------------------------------------------------

(ဂ) လူမှုရေး အသင်းအဖွဲ့တည်နေရာ လိပ်စာ -----------------------------------

---------------------------------------------------------------------

---------------------------------------------------------------------

---------------------------------------------------------------------

၂။ လူမှုရေးအသင်းအဖွဲ့သည် ဤအသိအမှတ်ပြု လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

xxxxx

ညွှန်ကြားရေးမှူးချုပ်

လူမှုဝန်ထမ်းဦးစီးဌာန

ပူးတွဲ

## လူမှုရေးအသင်းအဖွဲ့များ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်း လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

၂။ လူမှုရေးနှင့် သက်ဆိုင်သည့် ကဏ္ဍများကိုသာ ဦးစားပေးဆောင်ရွက်ရမည်။

၃။ လူမှုရေး အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခု၏ စီးပွားရေးအတွက် အကျိုးအမြတ် မဖြစ်စေရ။

၄။ ဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၅။ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ သတ်မှတ် စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ / မရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။